ကဟန်းကျေးရွာ

မြိတ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကဟန်းကျေးရွာ၊မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်နှင့်

ကဟန်းကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့ကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ဇန်နဝါရီလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၄ |
| | **ကဟာန်းကျေးရွာသယံဇာတပြမြေပုံ၊မြိတ်မြို့နယ်** | ၆ |
| ၁။ | **တည်နေရာနှင့်ပထဝီဝင်အနေအထား** | ၇ |
| ၂။ | **ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ** | ၇ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | ၇ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၈ |
| | (က) သီးနှံစိုက်ပျိုးရေး | ၈ |
| | (ခ) မွေးမြူရေးလုပ်ငန်းနှင့်ငါးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၉ |
| | (ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁၀ |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၀ |
| ၅။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | ၁၀ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာမီးလင်းရေး | ၁၁ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၁၁ |
| ၆။ | **ပညာရေး** | ၁၁ |
| ၇။ | **ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၁၂ |
| ၈။ | **ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၃ |
| ၉။ | **ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၃ |

| | | |
|---|---|---|
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၅ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၉ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၂၀ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၇၉ |
| | **နောက်ဆက်တွဲ (၄)** ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) | ၈၉ |
| | **နောက်ဆက်တွဲ (၅)** ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂) | ၉၁ |
| | **နောက်ဆက်တွဲ (၆)** ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃) | ၉၃ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၂၀/၂၀၂၁ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၀၂၅ခုနှစ်အထိ(၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြ ရာတွင်သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင်ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမကကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက် အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအား ထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာစသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

**ဇန်နဝါရီလ၊၂၀၂၂**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ကဟာန်းကျေးရွာ**

**မြိတ်မြို့နယ်**

## ကဟန်းကျေးရွာကျေးရွာသယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်



## ကဟန်းကျေးရွာ Seasonal Calendar



## ကဟာန်းကျေးရွာ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



## ၁။တည်နေရာနှင့်ပထဝီဝင်အနေအထား

ကဟန်းကျေးရွာသည် မြိတ်မြို့၏ အနောက်တောင်ပိုင်း၊ မြောက်လတ္တီကျူ၁၂ဒီဂရီ ၂၂မိနစ်၁၉စက္ကန့်နှင့်၉၈ဒီဂရီ၄၃မိနစ်၊ ၃၅စက္ကန့်အကြား၊ အရှေ့လောင်ဂျီကျူ၁၂ဒီဂရီ၂၂ မိနစ်၁၉စက္ကန့်နှင့် ၉၈ဒီဂရီ၁၉ မိနစ်နှင့်၉၈ ဒီဂရီ၄၄မိနစ်၊ ၄၈စက္ကန့်အကြားတွင်တည်ရှိ ပါသည်။အရှေ့မှအနောက်သို့ (၂.၅)မိုင်နှင့်တောင်မှမြောက်သို့(၀.၆)မိုင်ရှည်လျားပါသည်။ မြိတ်မြို့နှင့် (၃၂)မိုင်ကွာဝေးပါသည်။ ကဟန်းကျေးရွာအုပ်စု၏ဧရိယာမှာ (၂.၈၅)စတုရန်းမိုင် ကျယ်ဝန်းပါသည်။ ကဟန်းကျေးရွာအုပ်စု၏ အရှေ့ဘက်တွင် စိလွန်းကျေးရွာအုပ်စု ၊ တောင် ဘက်တွင်တနင်္သာရီမြစ်၊ အနောက်ဘက်တွင် ပြင်းငယ်ကျေးရွာအုပ်စု၊ မြောက်ဘက်တွင် အင်္ဂမော်ကျေးရွာအုပ်စုတို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။ ကဟန်းကျေးရွာတွင် တောင်ကုန်းတောင်တန်းများရှိပြီး တောင်ဘက်တွင်မြစ်ချောင်းများရှိ၍ မြေပြန့်လွင်ပြင် အနည်းငယ်သာရှိပါသည်။ ကဟန်းကျေးရွာသည် မြစ်ချောင်းများရှိသည့် ဒေသတစ်ခုဖြစ်ပြီး ထင်ရှားသည့်မြစ်မှာ တနင်္သာရီမြစ်ဖြစ်ပြီး မြစ်ချောင်းအများစုမှာ ရေငံများဖြစ်ပါသည်။ အဆိုပါ မြစ်များမှအခြားကျေးရွာများသို့ စက်လှေများဖြင့် သွားလာနိုင်ပါသည်။

## ၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကဟန်းကျေးရွာသည်ပူနွေးစိုစွတ်သော ရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် (၄၃) ဒီဂရီစင်တီဂရိတ်နှင့်အနိမ့်ဆုံးအပူချိန် (၁၆) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ သဘာဝပေါက်ပင် များဖြစ်ကြသောကန့်ဂေါ်၊ ကနစို၊ သင်္ကန်း၊ ဥဘန်ကညင်ပင်၊ ပိတောက်၊ သပြေပင်၊ သစ်ယား၊ တကူစသည့်အခြားသစ်ပင်များစွာရှိပါသည်။ ဒီရေရောက်တောတွင်ဖြူး(ပရုန်းပင်)၊ ကပြိုင်ပင်၊ ပင်လယ်အုန်းစသည့်အပင်များ ပေါက်ရောက်ပါသည်။ တောရိုင်းတိရစ္ဆာန်များ မှာဂျီ၊ သင်းခွေချပ်၊ တောကြက်၊ တောဝက်၊ မျောက်အမျိုးမျိုးတို့အနည်းငယ်တွေ့ရှိရပါသည်။

## ၃။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

**ကဟန်း**ကျေးရွာတွင်အိမ်ထောင်စု (၁၃၁၅) စုရှိပြီး၊လူဦးရေစုစုပေါင်း (၅၈၃)ဦးရှိ ပါသည်။ ကျေးရွာတွင်ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေအသင့်အတင့်ကောင်းမွန် သည်ဟုဆိုနိုင်သော်လည်း ကျေးရွာ၏လူမှုရေး၊ ပညာရေး၊ ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ ဂေါပကအဖွဲ့၊ ပရဟိတအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကာလသား/ သမီးအဖွဲ့စသည်ဖြင့် အဖွဲ့အချင်းချင်းဆက်သွယ်ဆောင်ရွက်မှုအား ကောင်းလျက်ရှိပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကိုကျေးရွာသူ/သားများကိုယ်တိုင်ပူးပေါင်းပါဝင်ကာရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောဦးစားပေးလုပ်ငန်းများအားသက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ကဟန်း**ကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ပေးနေသောနိုင်ငံတကာအဖွဲ့အစည်းများ/ ကျေးရွာပြင်ပမှလူမှုကူညီရေးအဖွဲ့များ အနေဖြင့်ငွေကြေးကဏ္ဍအတွက်ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းသာရှိပါသည်။ ပြည်တွင်း/ ပြည်ပကူညီရေးအဖွဲ့များအား သက်ဆိုင်ရာကဏ္ဍအလိုက် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

## ၄။စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကဟန်းကျေးရွာတွင်လယ်မြေ(၂၂၀)ကေ၊**ဥ**ယျာဉ်ခြံမြေ (၄၁.၂၃)ကေ၊ ဓနိတောမြေ (၁၅၂.၆၈)ကေ၊စားကျက်မြေ(၁)ကေစုစုပေါင်း (၄၁၄.၉၁)ကေရှိပါသ**ည်။** စိုက်ပျိုးမြေပိုင်ဆိုင်သည့် အိမ်ထောင်စု(၇၀) အိမ်သာရှိပါသည်။ တောင်သူငယ် (၂၀)အိမ်ထောင်၊ တောင်သူလတ်(၁၃) အိမ်ထောင်နှင့်ဆင်းရဲသားတောင်သူ(၃၀)အိမ်ထောင်သာရှိပြီး တောင်သူကြီး(၇)အိမ်ထောင်ရှိပါသည်။

ကဟန်းကျေးရွာတွင် အဓိကစိုက်ပျိုးသည့်သီးနှံမှာစပါးဖြစ်ပြီး ရော်ဘာ၊ ကွမ်းသီး၊ အုန်းသီးနှင့်ဆောင်းသီးနှံများကိုလည်း စိုက်ပျိုးကြပါသည်။ ကျေးရွာ၏စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စပါးအထွက်နှုန်းမှာ တစ်ကေပျမ်းမျှ (၄၀) တင်းသာရှိပါသည်။ကျေးရွာအတွင်းရှိလယ်သမားများတွင်တစ်ဦးချင်းပိုင်ထွန်စက် (၄) စီး၊ လက်တွန်းထွန်စက်(၁၃)စီး၊ ခြွေလှေ့စက်(၂)လုံး၊ ရေစုပ်စက်(၁)လုံး မြက်ရိတ်စက် (၁၄)လုံးရှိပါသည်။ကိုယ်ပိုင်စက်ကိရိယာမရှိသူများကငှားရမ်းလုပ်ကိုင်ကြပါသည်။

လယ်ယာမြေအသုံးချနိုင်မှုမှာ အသင့်အတင့်အခြေအနေတွင်ရှိပါသည်။ သီးနှံမျိုးစေ့မှာဒေသမျိုးတစ်ခုကိုသာ သုံးစွဲနေသော်လည်း တောင်သူများအားမျိုးကောင်းမျိုးသန့်သုံးစွဲမှုနှင့်ပတ်သက်၍ ပညာပေးသင်တန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ တောင်းခံနိုင်ပြီး နည်းပညာများလက်ခံကျင့်သုံးလာနိုင်လျှင် စပါးအထွက်နှုန်းများ တိုးတက်လာပေမည်။

မြေဆီလွှာမကောင်းခြင်း၊ စိုက်ပျိုးမြေများတွင်ဆားငန်ရေဝင်ရောက်ခြင်း၊ သီးနှံအထွက်နှုန်းနည်းပါးမှုများ ကြုံတွေ့နေရသဖြင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးသင်တန်းများ လိုအပ်နေပါသည်။ ထို့အပြင်မြေဆွေး၊ အော်ဂဲနစ်များထည့်သွင်းအသုံးပြုမှုနှင့်ပတ်သက်၍ သုံးစွဲနည်းများကို မသိရှိသည့်အတွက် ကျေးရွာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အခက်အခဲတစ်ရပ်ဖြစ်နေပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်းနှင့်ငါးလုပ်ငန်း

ကဟန်းကျေးရွာတွင် ကြက်မွေးမြူထားသည့် အိမ်ထောင်စု(၈၇) အိမ်ရှိပြီး ကြက်ကောင်ရေ (၄၁၉) ကောင်၊နွားမွေးမြူထားသည့် အိမ်ထောင်စု(၁၉)အိမ်မှနွားကောင်ရေ (၃၀)ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု(၂၁)စုမှ ကျွဲ(၂၉) ကောင်၊ အိမ်ထောင်စု(၃၃)အိမ်မှ ဘဲ(၁၃၀) ကောင်စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူကြ ပါသည်။ အချို့အိမ်ထောင်စုများမှာ စီးပွားဖြစ်မွေးမြူလိုကြသော်လည်း ဈေးကောင်းမရရှိသည့်အတွက် ကျေးရွာတွင်သာရောင်းချကြပါသည်။ မျိုးကောင်းမျိုးသန့်များ ရရှိရန်လိုအပ်လျက်ရှိပြီးတိရစ္ဆာန်ရောဂါကျရောက်မှုရှိသည့်အတွက် ကျေးရွာသည်မြို့နှင့် အလှမ်းဝေးပြီး မွေး/ကုဦးစီးဌာနမှဆရာဝန်များမှလည်း အချိန်မီလာရောက်ကုသနိုင်ခြင်းမရှိသည့်အတွက် ရောဂါကာကွယ်ထိန်းချုပ်နည်းဆိုင်ရာ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချရန်နှင့်မျိုးကောင်းမျိုးသန့်များ ချိတ်ဆက်ဝယ်ယူရန်လိုအပ်လျက်ရှိပါသည်။ ရေငန်ငါးဖမ်းလုပ်ငန်းကိုလုပ်ကိုင်သည့်အိမ်ထောင်စု (၉၈) စုရှိပါသည်။

ကဟန်းကျေးရွာတွင် မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများမှာ မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူရနိုင်ခြင်းနှင့်သွင်းအားစုများဝယ်ယူနိုင်ခြင်များရှိပါသည်။ ကျေးရွာသည်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်အတွက်စီးပွားဖြစ်မွေးမြူရေးနှင့် သားငါးထုတ်လုပ်မည်ဆိုပါကအဆင်ပြေသည့် ကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင် နောက်ပိုင်းတွင် မွေးမြူနိုင်သည့် အိမ်ထောင်စုများ လာနိုင်သည့်အတွက်ငါးမွေးမြူရေးနှင့် သက်ဆိုင်သောနည်းပညာပေးသင်တန်းများ၊ မျိုးကောင်းမျိုးသန့်ရရှိနိုင်သည့်နေရာများ၊ မွေးမြူသည့်နည်းစနစ်များရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါသည်။ ငါးမွေးမြူရေးနှင့်ငါးဖမ်းဆီးခြင်းမှထုတ်ကုန်များရောင်းချရမှုလွယ်ကူခြင်း၊ ငါးဖမ်းခွင့်အသင့်အတင့်ကောင်းမွန်ခြင်းစသည်တို့ရှိပါသည်။

ကဟန်းကျေးရွာတွင် မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများမှာ မွေးမြူရေးနှင့်ပတ်သက်သည့် အတွေ့အကြုံ၊ နည်းပညာ မရှိခြင်း၊ မျိုးကောင်းမျိုးသန့်များဝယ်ယူရန်အတွက် အဆက်အသွယ်မရှိခြင်းစသည်တို့ဖြစ်ပါသည်။ ထို့ကြောင့်ကျေးရွာတွင်နည်းပညာပေးသင်တန်းနှင့် မျိုးကောင်းမျိုးသန့်ဝယ်ယူရန် ချိတ်ဆက်ပေးရန်လိုအပ်လျက်ရှိပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ**

ကဟန်းကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများမှာအပ်ချုပ်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်လုပ်ကိုင်သူများနှင့် ဥယျာဉ်ခြံများတွင်အငှားလိုက်လုပ်သူ၊ လယ်ယာစိုက်ပျိုးရေးတွင်အငှားလုပ်သူ၊ ရေလုပ်ငန်းတွင်လှေလိုက်သူစသည့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူများဖြစ်ပါသည်။ လုပ်သားအင်အားရရှိနိုင်မှုအသင့်အတင့်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။ ကျေးရွာရှိရောင်းဝယ်ဖောက်ကားနေသူများတွင်ဈေးကွက်ဆိုင်ရာ အသိအမြင်အသင့်အတင့်ရှိပြီး၊ ကုန်ကြမ်းရရှိနိုင်မှုအခြေအနေအသင့်အတင့်နှင့် ကျေးရွာနှင့်မြိတ်သို့လမ်းပန်းဆက်သွယ်ရေးမှာလည်း အသင့်အတင့်သာကောင်းမွန်ပါသည်။

**ကဟန်း**ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ၏ ပြဿနာမှာ ကျေးရွာတွင်နေထိုင်သောသူအချို့သည် အခြားနိုင်ငံသို့သွားရောက်လုပ်ကိုင်သည့်အတွက် လုပ်သားအင်အားအသင့်အတင့်သာရှိခြင်း၊ အခြားဒေသထွက်ကုန်များမှာလည်းဈေးကွက်မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးမှာနွေရာသီတွင် သွားလာရအဆင်ပြေသော်လည်းမိုးရာသီတွင် မြေသားလမ်းများဖြစ်သည့်အတွက်သွားလာရခက်ခဲခြင်း၊ (၂၄) နာရီလျှပ်စစ်မီးမရရှိသေးခြင်းစသည်တို့ဖြစ်ပါသည်။ ကျေးရွာတွင် (၂၀%)အတိုးနှုန်းကြီးမြင့်စွာဖြင့် မိသားစုစားဝတ်နေရေးအတွက် ချေးယူနေရသည့်အတွက် သက်ဆိုင်ရာဌာနဆိုင်ရာမှ ကာလရှည်ချေးငွေများ ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါသည်။ အဆင်ပြေသည့် အိမ်ထောင်စုများမှ သားသမီးများသာ အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်ကြပြီး ငွေကြေးမပြေလည်မှုကြောင့် ဆင်းရဲသည့်မိသားစုများအတွက် ပညာသင်ယူနိုင်သည့်အခွင့်အလမ်းနည်းပါးလှပါသည်။ ထို့ကြောင့်ကျေးရွာတွင်ရှိသောအမျိုးသမီး/အမျိုးသားငယ်များအတွက်အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန်လိုအပ်နေပါသည်။

**(ဃ)စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာဆန်စပါး၊ ရော်ဘာ၊ ကွမ်းသီး၊ ငါး၊ ပုစွန်၊ ငပိ၊ငါးခြောက်နှင့်ဟင်းသီးဟင်းရွက်တို့ပါဝင်ပါသည်။ မြိတ်မြို့နှင့်သွားလာရမဝေးသည့်ကျေးရွာတစ်ရွာဖြစ်၍ ကျေးရွာထုတ်ကုန်များကိုဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကဟန်း ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမချေးငွေမှ ကာလတိုချေးငွေများသာရရှိပါသည်။ အချို့တောင်သူများမှာပုံစံ (၇)ရရန် အခက်အခဲများရှိသည့်အတွက် ချေးငွေမရယူသည်များရှိပါသည်။ သမဝါယမချေးငွေသည်လည်းအသင်းဝင်ထားသည့် သူများသာချေးသည့်အတွက် အသင်းဝင်ထားခြင်းမရှိသူများချေး၍မရသည်များရှိပါသည်။ကျေးရွာသူ/သားများအနေဖြင့် ငွေကြေးမလုံလောက်သည့်အတွက် ချေးငွေပြန်ဆပ်ချိန်တွင် အချိန်မီပြန်ဆပ်နိုင်ခြင်းမရှိပါ။ ကျေးရွာတွင်ငွေချေးပေးသူများထံမှ အတိုးနှုန်းကြီးစွာဖြင့်ချေးယူ၍ မိသားစုစားဝတ်နေရေးကိုဖြေရှင်းကြရသည်။ ထို့ကြောင့်ကာလရှည်ချေးငွေများချေးယူရရှိမည်ဆိုပါက မိမိတို့လုပ်ကိုင်နေသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံနိုင်လာမည်ဖြစ်ပါသည်။

**၅။အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ကဟန်းကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ဆိုင်ကယ် (၅၆) စီး၊ ကား(၂)စီး၊ စက်ဘီး(၈)စီး၊ လှေ(၁၇)စီး၊ စက်လှေ(၃၁)စီး၊ သုံးဘီးဆိုင်ကယ် (၁)စီးကိုသာ အဓိကထားအသုံးပြုကြပါသည်။ ရေကြောင်းလမ်းအတွက်လှေ/သမ္ဗာန်ကိုအဓိကထားအသုံးပြုကြပါသည်။

ကဟန်းကျေးရွာတွင်ကျေးရွာတွင် လမ်းများသည် ပျက်စီးနေပြီးသွားလာရခက်ခဲခြင်း၊ ဗွက်ထခြင်းများဖြစ်ပေါ်နေပါသည်။ ကျေးရွာချင်းဆက်လမ်းများ လည်းပျက်စီးနေပါသည်။ ထို့ကြောင့်ကျေးရွာရှိလမ်းများကောင်းမွန်စေရန်အတွက်ပြုပြင်ဆောင်ရွက်လိုကြပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

ကဟာန်းကျေးရွာတွင်ဆိုလာအသုံးပြုသည့် အိမ်ထောင်စု(၉၂)စုနှင့် ဒီဇယ်အင်ဂျင်မီး အသုံးပြုသည့်အိမ်ထောင်စု (၆)စုရှိပါသည်။ ဒီဇယ်အင်ဂျင်မီးအသုံးပြုသည့်အိမ်ထောင်စုများ မှာမိမိတစ်အိမ်သုံးအတွက်သာ အသုံးပြုပြီးမပြေလည်သည့် အိမ်ထောင်စုများမှာရေနံဆီမီး ခွက်၊ ဖယောင်းတိုင်ဖြင့်သုံးစွဲကြပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးရရှိပါကကျေးရွာအတွင်း ကျောင်းသားများ၏ ပညာရေးကဏ္ဍတိုးတက်မြင့်မားလာခြင်း၊ လုံခြုံမှုပိုမိုကောင်းမွန်လာ ခြင်း၊အိမ်ရှင်မများအနေဖြင့်အချိန်မီချက်ပြုတ်နိုင်ခြင်း၊အသေးစားစီးပွားရေးလုပ်ငန်းများ၊စက်မှု လက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေမှုကိုအထောက်အပံ့ပေးနိုင်ပါလိမ့်မည်။

**(ဂ) သတင်းနှင့်ဆက်သွယ်ရေး**

ကဟာန်းကျေးရွာတွင်ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကိုဖုန်း (၁၇၅) လုံး၊ရေဒီယို (၂၅) လုံး၊ တီဗွီ (၁၄) လုံး၊ ဂြိုလ်တုစလောင်း (၁၃) လုံးစသည်တို့မှ ရရှိသည့်အပြင်လူကြီးများသည်ဖုန်းကိုစနစ်တကျသုံးစွဲတတ်ခြင်းမရှိပါ။ ကျေးရွာတွင် (၂၄) နာရီမီးလင်းမှုမရရှိသည့်အတွက် အချိန်နှင့်တပြေးညီအားသွင်းခြင်းမပြုလုပ်နိုင်ဘဲသတင်း အချက်အလက်များ အချိန်မီမသိရှိနိုင်ခြင်းများရှိပါသည်။ ကျေးရွာ၏အချို့နေရာများတွင် ဖုန်းလိုင်းမမိသည့် အခြေအနေများရှိပါသည်။ ထို့ကြောင့်ကျေးရွာတွင် ဖုန်းလိုင်းနှင့်အင်တာ နက်လိုင်းများကောင်းရန်အတွက်ဆောင်ရွက်ပေးရန်လိုအပ်နေပါသည်။

**၆။ပညာရေး**

ကဟာန်းကျေးရွာတွင်ကျေးရွာလုံးကျွတ်စာတတ်မြောက်ပါသည်။ မူလတန်း အဆင့်စာတတ်မြောက်မှုသည် စုစုပေါင်းလူဦးရေ၏ (၄၄) ရာခိုင်နှုန်း၊ အလယ်တန်းအဆင့် စာတတ်မြောက်မှုသည် (၃၉) ရာခိုင်နှုန်း၊ အထက်တန်းအဆင့်စာတတ်မြောက်မှုသည် (၁၄) ရာခိုင်နှုန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုသည်(၃)ရာခိုင်နှုန်းရှိပါသည်။ သို့သော် အထက်တန်းပညာရေးပြီးဆုံးနှုန်းနှင့် တက္ကသိုလ်ပညာပြီးဆုံးသူနှုန်းတို့မှာ အများကြီး ကွာခြားမှုရှိသည့်အတွက်အထက်တန်းပညာပြီးဆုံးရေးသည် ပညာရေးတိုးတက်မှုအတွက် အဓိကဖြစ်ပါသည်။

ကဟာန်းကျေးရွာတွင် ယခုလက်ရှိ ပညာသင်ကြားနေသောလူဦးရေမှာ မူလတန်းအဆင့်တွင် (၈၄) ဦး၊အလယ်တန်းအဆင့်တွင် (၈၄)ဦး၊အထက်တန်းအဆင့်တွင် (၄၆)ဦး၊ တက္ကသိုလ်အဆင့်တွင် (၁၄)ဦးဖြင့်ပညာသင် ယူနေကြပါသည်။ အလယ်တန်းအဆင့်

နှင့်အထက်တန်းအဆင့်ရှိသည့်ကျောင်းသား/သူများမှာများသောအားဖြင့် တောင်ဖီလာကျေးရွာနှင့်မြိတ်မြို့နယ်တွင် သွားရောက်သင်ကြားကြပါသည်။ တက္ကသိုလ်အဆင့်ရှိသည့်ကျောင်းသား/သူများသည် မြိတ်မြို့တွင်ရှိသည့် မြိတ်တက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင်တက်ရောက်ကြပါသည်။

ကဟန်းကျေးရွာတွင်စာသင်ကျောင်းဆောင် (၂) ဆောင်ရှိပါသည်။ တစ်ဆောင်မှာ G-2,G-3,G-4 ကျောင်းသား/သူများအတွက်ဖြစ်ပြီးတစ်ဆောင်မှာ KG, G-1, နှင့်ရုံးခန်းအတွက်ဖြစ်ပါသည်။ စာသင်ကျောင်းသည်ကျေးရွာနှင့်နီးသောကြောင့်ကျောင်းသား/သူများခြေလျင်၊ စက်ဘီး၊ ဆိုင်ကယ်နှင့်သွားလာကြပါသည်။ ကျောင်းသား/ကျောင်းသူဦးရေများသည့် အတွက်ကျောင်းသုံးပရိဘောဂများ မလုံလောက်ပါ။ စာသင်ကျောင်းခြံစည်းရိုးကာရံရန်နှင့်အိမ်သာပြုပြင်ရန်လိုအပ်နေပါသည်။

မူလတန်းအဆင့်အခမဲ့ပညာရေးစနစ်ကြောင့် ဆင်းရဲသောမိသားစုများအတွက်လည်းအခက်အခဲမရှိကျောင်းတက်ခွင့်ရနေပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့သာဖွဲ့စည်းထားခြင်းရှိပြီး ကျောင်းမတက်နိုင်သူများကို ကျေးရွာမှကျောင်းထားပေးသည့်အစီအစဉ်လည်းရှိပါသည်။ ထို့အပြင်ကုန်ကျစရိတ်သက်သာသောကလေးအားကစားကွင်းတစ်ခုလည်းလိုအပ်နေပါသည်။ ကျောင်းသား၊ ကျောင်းသူများအားစာကျက်ဖြစ်စေရန်တိုက်တွန်းအားပေးရန်နှင့် စာကျက်ဝိုင်းများပြုလုပ်ပေးရန်အတွက်မိဘများမှ ဝိုင်းဝန်းဆောင်ရွက်ရန်မှာအရေးပါလှပါသည်။

**၇။ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကဟန်းကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနရှိပါသည်။ ကျန်းမာရေးဆရာမ (၂)ယောက်ရှိပါသည်။ ထို့ကြောင့်ကျေးရွာသူ/သားများအတွက်ကျန်းမာရေးနှင့်ပတ်သက်၍အရေးပေါ်အခြေအနေမျိုးဖြစ်ပေါ်လျှင်အဆင်ပြေလှပါသည်။ ရောဂါပြင်းထန်မှသာမြိတ်ပြည်သူ့ဆေးရုံကြီးသို့သွားရောက်ကုသကြပါသည်။ ကျေးရွာတွင်လူနာတင်ယာဉ်မရှိသည့်အတွက်အရေးပေါ်လူနာများအတွက်ကားလိုအပ်လျက်ရှိပါသည်။ ကျေးရွာတွင် (၂၄) နာရီမီးမရှိသည့်အတွက် ဆေးများကိုရေခဲသေတ္တာနှင့်စနစ်တကျ သိမ်းဆည်းထားခြင်းမရှိပါ။ ကာကွယ်ဆေးထိုးနှံမှုများ လစဉ်ပြုလုပ်ပေးလျက်ရှိပါသည်။ ကျန်းမာရေးဟောပြောပွဲများပြုလုပ်ရန်လိုအပ်နေပါသည်။

ကဟာန်းကျေးရွာတွင်ရေတွင်း(၁၅)တွင်းရှိပါသည်။ အိမ်ထောင်စုအများစုသည် ရေတွင်းကိုသာ အဓိကအသုံးပြုကြသည့်အိမ်ထောင်စုများပါသည်။ ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးထားသည့် တွင်းတိမ်(၁)တွင်းနှင့်ကျေးရွာပိုင်(၂)တွင်းစုစုပေါင်း(၃)တွင်းရှိပါသည်။ကျေးရွာတွင် သောက်သုံးရေအခက်အခဲဖြစ်နေပါသည်။မိုးရာသီနှင့်ဆောင်းရာသီတွင် သာလုံလောက်မှုရှိပြီး နွေရာသီတွင်ရေခမ်းခြောက်ပါသည်။ ထို့ကြောင့်ကျေးရွာတွင်အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းလိုကြပါသည်။ ကျေးရွာတွင်သန့်ရှင်းသောယင်လုံ**အိမ်**သာသုံးစွဲမှုမှာ (၃၄) အိမ်သာရှိပါသည်။ မသန့်ရှင်းသောအိမ်သာသုံးစွဲမှုများဖြစ်သည့်တွင်း/ဇလားအိမ်သာ၊ တွင်းမရှိအိမ်သာနှင့်အိမ်သာမရှိသူများရှိသည့်အတွက် ကျေးရွာတွင်ကျန်းမာရေးနှင့်ပတ်သက်သည့် ပြဿနာများဖြစ်ပေါ်နိုင်ပါသည်။ ထိုကြောင့်ကျန်းမာရေးဆိုင်ရာပြောပွဲနှင့်ဆွေးနွေးပွဲများ၊ သင်တန်းများဖွင့်လှစ်ပေးရန်လိုအပ်လျက်ရှိပါသည်။

**၈။ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကဟာန်းကျေးရွာတွင်ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကျရောက်မှုမရှိပါ။ ပင်လယ်နှင့်နီးသည့်အတွက်ဒီရေတက်ချိန်တွင်ကျေးရွာတွင်းသို့ဆားငန်ရေဝင်ရောက်မှုရှိပါသည်။ အကယ်၍ဘေးအန္တရာယ်ကျရောက်မည်ဆိုပါကကြိုတင်ကာကွယ်ရမည့်နည်းလမ်းများလည်းထားရှိမှုမရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအနေဖြင့် အမှိုက်စွန့်ပစ်ရာတွင်စည်းစနစ်တကျမရှိဘဲစည်းကမ်းမဲ့စွာစွန့်ပစ်လျက်ရှိသဖြင့် ပညာပေးဟောပြောပွဲများပြုလုပ်ပေးရန်လိုအပ်နေပါသည်။ ထိုမှသာလျှင်ကျေးရွာသူ/သားများကောင်းကျိုး၊ ဆိုးကျိုးကိုခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို တက်ကြွစွာပါဝင်လုပ်ဆောင်လာမည်ဖြစ်ပါသည်။

**၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**

ကဟာန်းကျေးရွာတွင် အလုပ်လုပ်နိုင်သောအမျိုးသမီးနှင့်အမျိုးသားဦးရေမှာ အတူတူခန့်ပင်ဖြစ်သည်။ ကျေးရွာရှိအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင်နည်းပါးပါသည်။ ကျေးရွာရှိအုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင်အမျိုးသမီးများသည်အမျိုးသားများနှင့်တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင်ကျေးရွာသည်မုချဧကန်တိုးတက်ပြောင်းလဲလာပါမည်။ ထိုနည်းတူစွာကျေးရွာတွင်အမျိုးသမီးများ၏တစ်နေ့အနည်းဆုံးလုပ်အားခသည် (၇၀၀၀) ကျပ်ဖြစ်ပြီးအမျိုးသားများ၏တစ်နေ့အနည်းဆုံးလုပ်အားခသည်

(၁၀၀၀၀) ကျပ်ဖြစ်ပါသည်။ထိုမတူညီသောလုပ်အားခများက အမျိုးသမီးများ၏ စိတ်ဓာတ် အရည်အသွေးကိုလျော့ကျစေပါသည်။ အမျိုးသမီးများ၏စိတ်ဓာတ်အရည်အသွေးကိုမြင့်တင်ပေးပြီးကျေးရွာရှိစီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးအသင်းအဖွဲ့များတွင်အမျိုးသမီးများပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများပြုလုပ်ရန်လိုအပ်နေပါသည်။

၁၀။ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – ကဟန်း | | | ကျေးရွာအမည် – ကဟန်း | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | အဖွဲ့ဝင်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၂ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အခြားအထောက်အကူပြု ကော်မတီများ စနစ်တကျ ဖွဲ့စည်းခြင်း။ | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | မျိုးကောင်းမျိုးသန့်ထုတ်လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | နည်းပညာ | မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။ | |
| ၅ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာသင်တန်း/ ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၆ | စိုက်ပျိုးရေး | မြေယာ/ရေ | တာမြင့်တာထောက် ပြုလုပ်ခြင်း (……..' x ၆' x ၈')။ | |
| ၇ | စိုက်ပျိုးရေး | မြေယာ/ရေ | ရေသုံးစွဲသူ အစုအဖွဲ့ဖွဲ့၍ ရေသွင်းခြင်းဆိုင်ရာ တည်ဆောက်ရေး၊ ပြုပြင်ထိန်းသိမ်းရေးနှင့် စနစ်တကျ သုံးစွဲရေးအတွက် ဆည်မြောင်းဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ | |
| ၈ | စိုက်ပျိုးရေး | စက်ကိရိယာ | စက်ကိရိယာများ အရစ်ကျ ဝယ်ယူ/ငှားရမ်းနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ | |
| ၉ | စိုက်ပျိုးရေး | ဈေးကွက် | စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၁၀ | စိုက်ပျိုးရေး | ဈေးကွက် | ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။ | |
| ၁၁ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | စီးပွားဖြစ်မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် မြို့နယ်မွေး/ကုဌာနနှင့် ချိတ်ဆက်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် – ကဟာန်း | | | ကျေးရွာအမည် – ကဟာန်း | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁၂ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မွေးမြူရေးဈေးကွက် ဆန်းစစ်ခြင်းနှင့် ထုတ်ကုန်ဈေးကွက်ကောင်း ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၁၃ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | ရေလုပ်ငန်း | ကမ်းဝေးဝါလက်ဖမ်းဆီးသူများ ကမ်းနီးတွင်လာရောက် ဖမ်းယူခြင်းမပြုနိုင်ရန် တားမြစ်ကာကွယ်ပေးခြင်း။ | |
| ၁၄ | ထုတ်ကုန်လုပ်ငန်းနှင့်အသေး စား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။ | |
| ၁၅ | ထုတ်ကုန်လုပ်ငန်းနှင့်အသေး စား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့် မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်၊ ဖုန်းပြင်) | |
| ၁၆ | ထုတ်ကုန်လုပ်ငန်းနှင့်အသေး စား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက်ရှာဖွေခြင်း။ | |
| ၁၇ | ငွေကြေး | အသေးစား | အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။ | |
| ၁၈ | ငွေကြေး | အသေးစား | အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများ နှင့် ချိတ်ဆက်ခြင်း။ | |
| ၁၉ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း။ | |
| ၂၀ | ပညာရေး | ကျောင်းအဆောက်အဦ၊ | ကျောင်းဝန်းကျင် သန့်ရှင်းသာယာလှပရေး ဖန်တီးခြင်း။ | |

| ကျေးရွာအုပ်စုအမည် - ကဟန်း | | | ကျေးရွာအမည် - ကဟန်း | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| | | ပရိဘောဂ၊ | | |
| ၂၁ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | စာသင်ကျောင်းတွင် လိုအပ်သော ပရိဘောဂပစ္စည်း ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ခြင်း။ | |
| ၂၂ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | ကလေးအားကစားကွင်းနှင့် ပစ္စည်းများ ဖြည့်တင်းခြင်း။ | |
| ၂၃ | ပညာရေး | ပညာ အရည်အသွေး | သီချင်းဆိုပြိုင်ပွဲ၊ ပန်းချီ ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ စသည့် အရည်အသွေးတက်စေသည့် ပြိုင်ပွဲများ ကျင်းပပေးခြင်း။ | |
| ၂၄ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ရာသီအလိုက်ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |
| ၂၅ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ကျန်းမာရေးနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများ ပြည့်စုံစွာရရှိအောင်တင်ပြတောင်းခံခြင်း။ | |
| ၂၆ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ရေနှင့်အိမ်သာ ကိစ္စရပ်များအတွက် ကျေးရွာကော်မတီနှင့် ကျေး/လက်ဦးစီး လက်တွဲဆောင်ရွက်ခြင်း၊ (ရွာနှင့်ကျေး/လက်ဦးစီးဌာနအတူ ရေတွင်းတူးဖော်၍ ရွာမှထိန်းသိမ်းခြင်း၊ ယင်လုံအိမ်သာသုံးစွဲမှု ပညာပေးခြင်းနှင့် မတတ်နိုင်သူများအတွက် ပံ့ပိုးခြင်း) | |
| ၂၇ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းအား ကွန်ကရစ်လမ်းသို့အဆင့်မြှင့်တင်ခြင်း။ | |
| ၂၈ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ကျေးရွာပတ်လမ်းဖောက်လုပ်ခြင်း | |
| ၂၉ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ဝါကုန်းကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | |
| ၃၀ | အခြေခံအဆောက်အဦ | သောက်သုံးရေ | ရေကန်တည်ဆောက်၍ အိမ်သွယ်ရေတိုင်စနစ်ထူထောင်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် – ကဟန်း | | | ကျေးရွာအမည် – ကဟန်း | မှတ်ချက် |
|---|---|---|---|---|
| **စဉ်** | **ကဏ္ဍ** | **စီမံချက် ဆိုလိုရင်း** | **စီမံချက်နှင့်လုပ်ငန်းစဉ်များ** | |
| ၃၁ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | လျှပ်စစ်မီး ချိတ်ဆက်သွယ်တန်းရန် သက်ဆိုင်ရာ ဦးစီးဌာန/ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့်ချိတ်ဆက်ခြင်း။ | |
| ၃၂ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည် မြင့်တင်ရေး သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၃၃ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | စာကြည့်တိုက် ပြန်လည် လည်ပတ်နိုင်စေရန် ဆွေး နွေး လုပ်ဆောင်ခြင်း။ | |
| ၃၄ | လူငယ်နှင့်အားကစား | အားကစား | အားကစားကွင်း ပြန်လည် ပြုပြင်ခြင်း။ | |
| ၃၅ | လူငယ်နှင့်အားကစား | အားကစား | အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။ | |
| ၃၆ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | နွေရာသီအားကစား ရက်တိုသင်တန်းများ စီစဉ်ပေးခြင်း။ | |
| ၃၇ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | စာပေဟောပြောပွဲများ ကျင်းပပေးခြင်း။ | |
| ၃၈ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | စာဖတ်သူအစုအဖွဲ့များဖွဲ့၍ တစ်ဦးတစ်အုပ်ကျဝယ်၍ လဲလှယ်ဖတ်ရှုပြီး ဆွေးနွေးသည့် အလေ့အထ တည်ဆောက်ခြင်း၊ | |
| ၃၉ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | အရက်၊ မူးယစ်ဆေးကင်းစင် ကျေးရွာဖြစ်ရန် အားလုံးဝိုင်းဝန်းဆောင်ရွက်ခြင်း၊ (ရောင်းသူ၊ သုံးသူ ပညာပေး၊ ဥပဒေအရ တားဆီးအရေးယူ) | |
| ၄၀ | လူငယ်နှင့်အားကစား | အမျိုးသမီး | အားကစား၊ စာပေ၊ စာရိတ္တ၊ လူမှုရေးစွမ်းဆောင်မှုများ အတွက် ဂုဏ်ပြုပွဲများ ကျင်းပခြင်း၊ | |
| ၄၁ | သယံဇာတနှင့်သဘာဝ ဝန်းကျင် | သဘာဝဘေး လျော့ချရေး | သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။ | |

နောက်ဆက်တွဲ (၁)

## ကဟန်းကျေးရွာ၊ကဟန်းကျေးရွာအုပ်စု၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဘကျော် | ဦးလှတင် | ၆/မမန(နိုင်)၁၄၀၈၂၆ | ၅၉ | ဥက္ကဋ္ဌ | ၀၉၄၂၄၇၆၅၆၃၄ |
| ၂ | ဦးအေးမင်း | ဦးမောင်နီ | ၆/မမန(နိုင်)၁၆၇၅၂၃ | ၃၃ | အတွင်းရေးမှူး | ၀၉၄၀၁၁၀၆၆၂၄ |
| ၃ | ဒေါ်သန်းမြ | ဦးအုန်း | ၆/မအရ(နိုင်)၁၁၂၅၁၁ | ၄၃ | ဘဏ္ဍာရေးမှူး | ၀၉၂၅၇၄၅၅၁၆၆ |
| ၄ | ဒေါ်မိုးမိုးသန်း | ဦးမောင်ရှိန် | ၆/မမန(နိုင်)၁၉၉၈၉၆ | ၂၅ | စာရင်းကိုင် | ၀၉၂၆၂၀၇၄၆၁၇ |
| ၅ | ဒေါ်အိအိခိုင် | ဦးကျော်ရွှေ | ၆/မမန(နိုင်)၂၀၇၁၄၁ | ၂၁ | အဖွဲ့ဝင် | ၀၉၇၉၉၀၉၄၆၈၇ |
| ၆ | ဦးမျိုးကျော်ကျော် | ဦးကျော်ရှိန် | ၆/မမန(နိုင်)၁၅၀၆၈၆ | ၃၄ | အဖွဲ့ဝင် | ၀၉၄၂၀၈၉၅၈၄၇ |
| ၇ | ဦးလှစိုး | ဦးဖာ | ၁၄/အကသ(နိုင်)၀၇၉၃၈၁ | ၅၆ | အဖွဲ့ဝင် | ၀၉၄၄၁၅၁၈၉၆၅ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များssa**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၄ | ၈ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၂၃ | ၂၁ | ၄၄ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၂ | ၁၉ | ၅၁ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၈ | ၂၇ | ၅၅ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၉၃ | ၁၉၀ | ၃၈၃ | ၁ | ၆ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၉ | ၂၃ | ၄၂ | | ၃ |
| **စုစုပေါင်း** | | **၂၉၉** | **၂၈၄** | **၅၈၃** | ၁ | ၇ |
| **စုစုပေါင်း အိမ်ထောင်စု** | | ၁၃၁ | | | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ကဟာန်းကျေးရွာတွင်အိမ်ထောင်စုပေါင်း (၁၃၁) အိမ်ရှိပြီးလူဦးရေပေါင်း (၅၈၃) ဦးရှိပါသည်။ ကျေးရွာတွင်အလုပ်မလုပ်နိုင်သည့်တစ်နှစ်အောက်နို့စို့အရွယ်(၁.၄%)၊ ၅နှစ်အောက်ကလေးအရွယ်(၆%)၊ မူလတန်းကျောင်းသားအရွယ်(၉%)၊အလယ်တန်းကျောင်းသားအရွယ်(၉%)၊သက်ကြီးရွယ်ကြီးအရွယ်(၇%)ရှိပါသည်။ပျမ်းမျှအနေဖြင့်အလုပ်မလုပ်နိုင်သည့်လူဦးရေသည်တစ်ရွာလုံးရှိလူဦးရေ၏(၃၄%)နှင့်အလုပ်လုပ်နိုင်သည့်အရွယ်ကျား(၁၉၃)ဦး၊ မ(၁၉၀)ဦးစုစုပေါင်း(၃၈၃)ဦးရှိပြီးတစ်ရွာလုံးလူဦးရေ၏(၆၆%)ရှိပါသည်။ပျမ်းမျှတစ်အိမ်ထောင်လျှင်(၄.၅)ဦးနှုန်းရှိသောကြောင့်ကျေးလက်အိမ်ထောင်စု၏အမျိုးသားအဆင့်ပျမ်းမျှတစ်အိမ်ထောင်လျှင်(၅)ဦးနှုန်းထက်လျော့နည်းနေပါသည်။သို့ရာတွင် ကျေးရွာအတွင်းအလုပ်လုပ်နိုင်သောလူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ်ထောက်ပံ့မှုပေးနိုင်ပါသည်။ ကျေးရွာတွင်အိမ်ထောင်စုစာရင်းမရရှိသေးသည့် အိမ်ထောင်စုများလည်းရှိပါသည်။

(ခ)   အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုရှေ့ချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၀ | ၁၇ | ၂ | ၁၅ | ၂ | ၇ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၃ | ၂၉ | ၃ | ၂၃ | ၆ | ၁၃ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၉ | ၈၁ | | ၇၅ | ၆ | ၁၇ | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၉ | ၃၃ | | ၃၀ | ၃ | ၁၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၈ | | ၈ | | ၆ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် | ၃ | ၅ | ၃ | ၁ | ၄ | ၄ | မြင့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | လုပ်ငန်း | | | | | | | လတ်☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | ၁ | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဧ ချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၂ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၃၁ | ၄၀ | ၃ | ၂၀ | ၂၀ | ၄၇ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ**

ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများ အတွက်အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"** တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများ နေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကဟန်းကျေးရွာတွင်စိုက်ပျိုးရေးလုပ်ငန်းများအားအဓိကထားလုပ်ကိုင်သော အိမ်ထောင်စု (၁၀)စုနှင့်လုပ်သားအဖြစ်လုပ်ကိုင်သောအိမ်ထောင်စု(၂၃)စုရှိပြီး၊ ရေလုပ်ငန်းကိုကိုယ်ပိုင်လုပ်ကိုင်သည့် အိမ်ထောင်စု (၂၉)စု၊လုပ်သားအဖြစ်လုပ်ကိုင်သည့်အိမ်ထောင်စု(၂၉)စုရှိပါသည်။ ထို့ကြောင့်ကဟန်းကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည့်လယ်လုပ်ငန်းအား အများစုကအဓိကဝင်ငွေရအလုပ်အကိုင်အဖြစ်အားထားလုပ်ကိုင်ကြသည်ဟုဆိုရမည် ဖြစ်ပါသည်။ ထို့ပြင်ဆောက်လုပ်ရေးလုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်း၊ စက်ပြင်လုပ်ငန်း၊ အလှပြင်ဆိုင်၊ အပ်ချုပ်ဆိုင်၊ ဈေးဆိုင်ဖွင့်ရောင်းချခြင်း၊ လယ်ယာထွက်ကုန်နှင့်ရေလုပ်ငန်းထွက်ကုန်များအားရောင်းဝယ်ဖောက်ကားကြသည့်အိမ်ထောင်စုမှာ (၃) အိမ်ထောင်စုရှိပါသည်။ ရေလုပ်ငန်းဖြစ်သည့်ငါး၊ပုစွန်၊ ကဏန်းဖမ်းခြင်းလုပ်ငန်းလုပ်ကိုင်သည့်အိမ်ထောင်စု(၅၈)စုရှိပြီးမြို့ပေါ်တွင်ရှိသည့်ဝါလပ်ဝါတန်းလေ့လိုက်သည့် လုပ်သားများလည်း အများအပြားရှိပါသည်။ အခြားရွာများနည်းတူကျပန်းလုပ်ငန်းလုပ်ကိုင်ကြသည့် အိမ်ထောင်စု (၃၁)စုရှိပါသည်။ကျေးရွာသည်ဆင်းရဲသည့်အတွက် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုနည်းပါးပြီး လုပ်သားအဖြစ်လုပ်ကိုင်သည့် အိမ်ထောင်စုများပြားပါသည်။ လုပ်သားအင်အားပေါများသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်လိုအပ်လျက်ရှိပါသည်။

### (ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၁၀၀၀၀ | | ၇၀၀၀ | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | - | ၇၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ။ကဟန်းကျေးရွာတွင်အများဆုံးလုပ်ငန်းအဖြစ်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုကျေးရွာရှိ အိမ်ထောင်စုအများစုကလုပ်သားအဖြစ် လုပ်ကိုင်သူများပါသည်။ ၎င်းလုပ်ငန်းတွင်အမျိုးသား (၈၀၀၀မှ၇၀၀၀)၊ အမျိုးသမီး(၆၀၀၀,၅၀၀၀)ကျပ်ရရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းတစ်နေ့တွင်အမျိုးသား(၁၅,၀၀၀မှ၇,၀၀၀) ကျပ်ရှိပါသည်။ ရေလုပ်ငန်းတွင်အမျိုးသား(၁၀၀၀၀,၇၀၀၀)ကျပ်ရရှိပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၂၂၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | ၄၁.၂၃ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | ၁၅၂.၆၈ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| **စားကျက်မြေ** | ၁ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | ၄၁၄.၉၁ | ☒ |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊** (၃) **လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊** (၄) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ကဟန်းကျေးရွာတွင် စိုက်ပျိုးမြေအများစုမှာ ဆန်စပါးကိုအဓိကစိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးသည်အသင့်တင့်သောအခြေအနေတွင်ရှိပါသည်။ကွမ်းသီး၊ သီဟိုဠ်၊ ရာဘာနှင့်ရာသီစာသီးနှံ (ဆောင်းသီးနှံ)များကိုလည်းတစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ ရာသီအလိုက်ပိုးမွှားရောဂါကျရောက်ခြင်းများရှိသည့်အတွက်နည်းပညာပေးသင်တန်းများပို့ချပေးခြင်းစသည်တို့ပြုလုပ်ရန်လိုအပ်နေပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ** (**ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။**) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ ☐ သင့်☑ နည်း ☐မရှိ ☐ | လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး☑အပြောင်းအလဲမရှိ ☐ |
| **သဘာဝအပင်မျိုးစိတ်များ** (**နွားစာ၊ဆေးဘက်ဝင်အပင်များ**) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| **ရေ – မြေပေါ်ရေ** | များ ☐ သင့်☑ နည်း ☐ | လွယ် ☐ ခက်☑ | လျော့ ☐ တိုး |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | မရှိ ☐ | အသုံးမပြုနိုင်ပါ ☐ | ☑အပြောင်းအလဲမရှိ ☐ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော – ဒီရေတောများ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။။** ကဟန်းကျေးရွာတွင်ကျောက်၊ သဲ၊ ကျောက်စရစ်ထွက်ရှိမှု၊သဘာဝတိရစ္ဆာန်မျိုးစိတ်များထွက်ရှိမှု၊သဘာဝ အပင်မျိုးစိတ်များ၊မြေအောက်ရေထွက်ရှိမှုနှင့် မြေပေါ်ရေထွက်ရှိမှုများသည်ကျေးရွာတွင် အသင့်တင့်ထွက်ရှိပြီးမလုံလောက်သည့်အချိန်တွင်အခြားကျေးရွာများမှဝယ်ယူအသုံးပြုကြပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသောအိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သောအိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၂ | ၅၀ | ၅၂ | ၁၇ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ကဟာန်းကျေးရွာတွင် အိမ်ထောင်စုအများစုသည်မပြေလည်သော အိမ်ထောင်စုများဖြစ်ကြပါသည်။ ကျေးရွာသူ/သားအများစုသည်လည်းပိုင်ဆိုင်မှုနည်ပါးပြီးလုပ်သားအဖြစ်လုပ်သည့် အိမ်ထောင်စုများပါသည်။သို့ရာတွင်ကျေးရွာအတွင်းဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မည်ဆိုပါက ကျေးရွာသူ/သားများအနေဖြင့်လုပ်အားအလှူဖြင့်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃ဝရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၂၁ | ၃ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ______၂၁_____ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| | | | လုပ်အားခကြိုယူ = ____________ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ____________ |

**ရင်းမြစ်..ဥစ္စာခနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ကဟန်းကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေဖြင့်အိမ်ထောင်စု(၂၁)စုကို စစ်တမ်းကောက်ယူခဲ့ပါသည်။ စစ်တမ်းကောက်ယူမှုအရချေးငွေ ယူသည့်အိမ်ထောင်စု(၂၁)စုရှိပါသည်။ ထိုအိမ်ထောင်စု(၂၁)စုထဲတွင် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု(၃)စုပါဝင်ပါသည်။

**(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၄နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကဟာန်းကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုနှင့်မသန်စွမ်းသည့် ပုဂ္ဂိုလ် များမရှိပါ။အခြားဒေသသို့အချိန်ကြာမြင့်စွာသွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုများလည်းမရှိပါ။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၁၃)စုရှိပါသည်။ ၎င်းအိမ်ထောင်စုများမှာလည်းဆင်းရဲ၍အငှားအလုပ်သမား အဖြစ်ကျပန်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများဖြစ်ကြပါသည်။

**(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✓ | | | | | ✓ |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✓ | | | | | ✓ |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | | | ✓ |
| ၄ | ဆူနာမီ | ✓ | | | | | ✓ |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | | | ✓ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ ) | | |
|---|---|---|---|---|---|---|---|
| ၆ | လေဆင်နှာမောင်း | ✓ | | | | | ✓ |
| ၇ | လျှော | ✓ | | | | | |
| ၈ | အပူလှိုင်း | ✓ | | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | ✓ | | ✓ | | |
| ၁၀ | အအေးလှိုင်း | | ✓ | | ✓ | | |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | | | |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | | | |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✓ | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✓ | | | | | |
| ၁၆ | မြေပြိုခြင်း | | ✓ | | ✓ | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | | | ✓ |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | | | ✓ | ✓ | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | ✓ | | ✓ | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | ✓ | | ✓ | | |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | | | ✓ |
| ၂၂ | တီဘီရောဂါ | ✓ | | | | | ✓ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ ) | | |
|---|---|---|---|---|---|---|---|
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | | | ✓ |
| ၂၄ | ကပ်ရောဂါ | ✓ | | | | | ✓ |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | | | ✓ |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | | ✓ | | ✓ | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | | | ✓ |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | ✓ | | | | | ✓ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။**

**မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် – နိမ့်အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)**

